ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

အမိန့်ကြော်ငြာစာအမှတ် ( ၂၆ / ၂၀၁၃)
နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ( ၁၀ )ရက်
(၂၀၁၃ ခုနှစ်၊ဧပြီ ၅ ရက်)

## ၂၀၁၄ ခုနှစ်မှစ၍ ပြည်ပသို့ သစ်အလုံးလိုက် တင်ပို့ရောင်းချမှုရပ်ဆိုင်းကြောင်းကြေငြာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် သစ်တောသယံဇာတများအား ရေရှည်တည်တံ့စေရေးနှင့် စဉ်ဆက် မပြတ်ထုတ်ယူသုံးစွဲနိုင်ရေးတို့ကို ရှေ့ရှု၍ သစ်ထုတ်လုပ်မှုကို နှစ်စဉ်ထုတ်လုပ်နိုင်သည့်ပမာဏ ( Annual Allowable Cut - AAC)အောင်အတွင်းမှသာ ထုတ်လုပ်ရန် စီမံလျာထား ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ နိုင်ငံတော်အတွင်း သစ်ထုတ်လုပ်မှုပမာဏလျှော့ချရေး ဆောင်ရွက်သည့် လုပ်ငန်းများအနက် ကနဦးလုပ်ငန်းစဉ်အဖြစ် ၂၀၁၄ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှစ၍ ပြည်ပသို့ သစ်အလုံးလိုက်တင်ပို့ရောင်းချမှုကို ရပ်ဆိုင်းလိုက်ကြောင်း ကြေငြာလိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာအား ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ( ၁၀ )ရက်၊ (၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်)မှစ၍ အတည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်။

(ပုံ) ဝင်းထွန်း
ပြည်ထောင်စုဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စာအမှတ် ။ ။ ၂/၂၂၀ (ခ) (၃) / ( ၂၇၉၅ / ၂၀၁၃)

ရက်စွဲ ။ ။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက်

<u>ဖြန့်ဝေခြင်း</u>

၁။ နိုင်ငံတော်သမ္မတရုံး ။

၂။ ပြည်ထောင်စု အစိုးရအဖွဲ့ရုံး ။

၃။ ပြည်ထောင်စု တရားသူကြီးချုပ်ရုံး ။

၄။ ပြည်ထောင်စု ရှေ့နေချုပ်ရုံး ။

၅။ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ။

၆။ ပြည်ထောင်စု ဝန်ကြီးဌာနအားလုံး ။

၇။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်၊ ......................တိုင်းဒေသကြီး၊ ......................ပြည်နယ်။

၈။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ။

၉။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ။

၁၀။ ညွှန်ကြားရေးမှူးချုပ်၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန ။

၁၁။ ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန။

၁၂။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း။

၁၃။ ညွှန်ကြားရေးမှူးချုပ်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့ ။

၁၄။ ညွှန်ကြားရေးမှူးချုပ်၊ မြေတိုင်းဦးစီးဌာန ။

၁၅။ ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန။

၁၆။ ပါမောက္ခချုပ်၊ သစ်တောတက္ကသိုလ်၊ ရေဆင်း၊ ပျဉ်းမနားမြို့ ။

၁၇။ ညွှန်ကြားရေးမှူး၊ .........................................သစ်တောဦးစီးဌာန။

၁၈။ ကျောင်းအုပ်ကြီး၊ မြန်မာနိုင်ငံသစ်တောကျောင်း၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ (မိတ္တူ ၂ စောင်)

၁၉။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်းကြော်ငြာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်)

၂၀။ မျှောစာတွဲ ။

၂၁။ ရုံးလက်ခံ ။

အမိန့်အရ

(မြို့ဦး) ဝ၃

ရုံးအဖွဲ့မှူး

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန